**ကချင်ပြည်နယ် ဒေသခံများနှင့် ကချင်အရပ်ဘက်အဖွဲ့အစည်းပေါင်း(၄၉)ဖွဲ့က မြစ်ဆုံရေကာတာ ပြန်လည်တည်ဆောက်နိုင်ရေးကြိုးပမ်းနေမှုကို ဆန့်ကျင်ကြောင်း သဘောထားထုတ်ပြန်ချက်**

**၅ ရက်၊ မေလ၊ ၂၀၂၆ခုနှစ်။**

၂၀၁၁ခုနှစ် ဦးသိန်းစိန်လက်ထက်ကတည်းက ရပ်ဆိုင်းထားသော ဧရာဝတီမြစ်ဆုံရေကာတာစီမံကိန်းကို အတင်းအဓမ္မပြန်လည်စတင်နိုင်ရန် နည်းမျိုးစုံဖြင့်ကြိုစားနေခြင်းသည် ကချင်ပြည်နယ် ဒေသခံများနှင့် မြန်မာ ပြည်သူများ၏ သဘောဆန္ဒကို ဆန့်ကျင်နေခြင်းဖြစ်သည်။

အာဏာသိမ်းစစ်တပ်၏ အမိန့်ကြေညာစာ ၂၁၄/၂၀၂၅ အရ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၆ ရက်နေ့ပါ ထုတ်ပြန်ချက်တွင် မြစ်ဆုံရေကာတာစီမံကိန်း ပြန်လည်စတင်နိုင်ရန်နှင့် စီမံကိန်းကို အကောင်အထည် ဖော်ရာတွင် အထောက်အထားခိုင်လုံမှုမရှိဘဲ ဆန့်ကျင်သူများနှင့် ကန့်ကွက်ခြင်းများလုပ်ဆောင်သော လူပုဂ္ဂိုလ်(သို့မဟုတ်) အဖွဲ့အစည်းများအပေါ် သက်ဆိုင်ရာ တည်ဆဲဥပဒေအရ အရေးယူသွားမည်ဟု အမိန့်စာ ထုတ်ပြန်ခြင်းသည် လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒထုတ်ဖော်ခွင့်များအပေါ် ခြိမ်းခြောက် ပြီး အတုအယောင် လူထုသဘောဆန္ဒခံယူပွဲများလုပ်ဆောင်နေလျက် ရှိသည်။

မြစ်ဆုံဆည် စီမံကိန်းသည် စစ်အာဏာရှင် ခေတ်အဆက်ဆက်မှ တရုတ်အစိုးရနှင့် အာဏာရှင်တစ်စု တို့ သဘောတူထားသော ဖွံ့ဖြိုးရေးအမည်ခံ စီမံကိန်းဖြစ်ပြီး ၎င်းတို့၏ အကျိုးစီးပွားရှေးရှုကာ ပြည်သူလူထု သဘောဆန္ဒရယူခြင်းမရှိဘဲ အတင်းအဓမ္မ အကောင်အထည်ဖော်ရန် ကြိုးစားနေခြင်းဖြစ်သည်။

မြစ်ဆုံရေကာတာစီမံကိန်းသည် ၁၃၉.၅ မီတာ အမြင့် နှင့် ၁,၃၁၀ မီတာ အကျယ်ရှိပြီး ယင်းသည်စင်္ကာပူနိုင်ငံ အကျယ်အဝန်းအရွယ်အစားခန့်အား ရေလွှမ်းစေမည့် နည်းစနစ် အသုံးပြုမည့် စီမံကိန်းဖြစ်သည်။ ထို စီမံကိန်းသည် ရေအရင်းမြစ်ပျက်စီးစေသည်သာမက ကုန်းနေ၊ ရေနေ၊ ဇီဝမျိုးစုံ မျိုးကွဲများ၏ ဂေဟစနစ်ကို ထိခိုက်ပျက်စီးစေနိုင်သည်ဟု “Independent Expert Review of the Myitsone Dam EIA (2013)” သုတေသနထွက်ရှိထားချက်ရှိသည်။ ထို့ပြင် ယင်းစီမံကိန်းကြောင့် လူဦးရေ ၁၂,၀၀၀ ခန့် အတင်းအဓမ္မ နေရပ်ရွှေ့ပြောင်းခံခဲ့ရသည်။ နောက်ဆက်တွဲအနေဖြင့် ဘိုးစဉ်ဘောင်ဆက် နေထိုင်လုပ်ကိုင် စားသောက်လာခဲ့သော အိုးအိမ်၊ မြေယာများ အတင်းအဓမ္မ

သိမ်းဆည်း ခံခဲ့ရပြီး အထွတ်အမြတ်ထားသော ဝိညာဉ်ရေးရာနှင့်ရိုးရာယဉ်ကျေးမှု အရ သမိုင်းဝင် အမွေအနှစ် စိုက်ပျိုးမွေးမြူရေး နှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်း များကိုပါ ဆုံးရှုံးခဲ့ရပြီး ဖြစ်သည်။

ထို့ကြောင့် ပြည်သူများ၏ ကောင်းကျိုးထက် အသက်အိုးအိမ်စည်းစိမ်များကို ဆိုးရွားစွာ ထိခိုက်ဆုံးရှုံး စေနိုင်မည့် ဆိုးကျိုးများသာဖြစ်ပေါ်စေနိုင်သည့် မြစ်ဆုံရေကာတာစီမံကိန်းကို လုံးဝ ရပ်တန့်ရန် အောက်ပါအတိုင်း သဘောထားထုတ်ပြန်လိုက်သည်။

၁။ တရုတ်အစိုးရပိုင် ကုမ္ပဏီ (SPIC-YN) မှ မြန်မာပြည်သူလူထု၏ မြစ်ဆုံရေကာတာ တည်ဆောက်မှုကို ကန့်ကွက်သော သဘောထားဆန္ဒကို မျက်ကွယ်ပြုပြီး အတင်းအဓမ္မစည်းရုံးလှုပ်ဆော်မှုပြန်လည် အကောင်အထည်ဖော်မှုကို ချက်ချင်းရပ်တန့်ရန်။

၂။ မြစ်ဆုံရေကာတာ စီမံကိန်းကို ကန့်ကွက်သည့် ပြည်သူများအပေါ် အရေးယူမည်ဟု ခြိမ်းခြောက်နေမှု များနှင့် ပြည်သူများအပေါ် အတင်းအဓမ္မခြိမ်းခြောက်ပြီး အတုအယောင် လူထုဆန္ဒခံယူပွဲ ပြုလုပ် နေမှုများကို ချက်ချင်းရပ်တန့်ရန်။

၃။ ဒေသခံပြည်သူများနှင့် မြန်မာတစ်နိုင်ငံလုံး၏ အကျိုးစီးပွားကို ထိခိုက်စေမည့် မြစ်ဆုံရေကာတာ စီမံကိန်းကို အပြီးတိုင် ဖျက်သိမ်းရန်။

၄။ မြန်မာနိုင်ငံအနှံ့အပြား၌ စစ်မက်ပဋိပက္ခဖြစ်ပွားနေသည့်ကာလအတွင်း အကြီးစား မြစ်ဆုံရေကာတာ စီမံကိန်းကို အတင်းအဓမ္မ အကောင်အထည်ဖော်ဆောင်သွားမည်ဆိုပါက ပဋိပက္ခကို ပိုမိုကြီးထွား လာစေနိုင်မည် ဖြစ်သောကြောင့် လုံးဝ ဖျက်သိမ်းရန်။

၅။ မည်သည့် အစိုးရလက်ထက်တွင်မှ ပြည်သူလူထု၏ စစ်မှန်သောသဘော ဆန္ဒမပါသည့် ဖွံ့ဖြိုးရေးအမည်ခံ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုများကို အတင်းအဓမ္မ အကောင်အထည်ဖော်ဆောင်ခြင်း မပြုလုပ်ရန် ထုတ်ပြန်လိုက်ပါသည်။

<u>ဆက်သွယ်ရန်</u>

**Seng Mai**, Kachin Human Rights Watch; khrw.721@gmail.com

**Cindy Aung**, Myanmar Women Environmental Human Rights Defenders Networking Group; wehrd.mm@gmail.com